# နိုင်ငံရေးအကျဉ်းသားအဓိပ္ပယ် ဖွင့်ဆိုချက်

## (၁) မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အစိုးရ (၁၉၈၀)

၁၉၈၀ ခုနှစ်တွင် အမိန့်အမှတ် ၂/၈၀ နှင့် အထွေထွေလွတ်ငြိမ်းချမ်းသာခွင့် ပေးစဉ်က နိုင်ငံရေးအကျဉ်းသားများ အားလုံးကို ချွင်းချက်မရှိလွှတ်ပေးခဲ့ပါသည်၊ ထိုစဉ်က အကျဉ်းဦးစီးဌာန၏ မေတ္တာရပ်ခံချက်အရ နိုင်ငံတော်ကောင်စီက အောက်ပါအတိုင်း နိုင်ငံရေးအကျဉ်းသား အဓိပ္ပယ်ဖွင့်ဆိုပေးခဲ့ပါသည်၊

(က) မတရားအသင်း အက်ဥပဒေအရ ပြစ်မှုများ
(ခ) ပြစ်မှုဥပဒေ ပုဒ်မ-၁၂၁ မှ ၁၃၀(ခ) အထိပါ အစိုးရကိုဆန့်ကျင်သော ပြစ်မှုများ
(ဂ) ပြစ်မှုဥပဒေ အခန်း (၈) ပါ နိုင်ငံတော်ငြိမ်ဝပ်ရေးကို ပျက်စေသော ပြစ်မှုများနှင့်ပတ်သတ်၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၄၃၊ ၁၄၄၊ ၁၄၅၊ ၁၄၇၊ ၁၄၈၊ ၁၅၁၊ ၁၅၂၊ ၁၅၃၊ ၁၅၃(က) အရ ပြစ်မှုများ
(ဃ) ၁၉၅၀-ပြည့်နှစ် အရေးပေါ်စီမံမှု အက်ဥပဒေအရ ပြစ်မှုများ ဥပမာ- ပုဒ်မ ၅(ည)
(င) နိုင်ငံတော်ကိုဦးဆောင်သော လမ်းစဉ်ပါတီအား ကာကွယ်သည့် ဥပဒေအရ ပြစ်မှုများ
(စ) နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်သည့် ဥပဒေအရ ပြစ်မှုများ ပုဒ်မ ၁၀(က)၊ ၁၀(ခ) နှင့်
(ဆ) ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ ပြစ်မှုများ အားလုံးသည် "နိုင်ငံရေးပြစ်မှု" ဆိုသည့် စကားရပ်တွင် အကျုံးဝင်သည်။

## (၂) ဥရောပ ပါလီမန် (၂၀၁၂)

၂၀၁၂ ခုနှစ် အောက်တိုဘာလ ၃ ရက်နေ့တွင် ဥရောပသမဂ္ဂ၊ ဥရောပပါလီမန် (Parliamentary Assembly, Council of Europe) မှ နိုင်ငံရေးအကျဉ်းသား ဆိုသည်ကို အဓိပ္ပယ်သတ်မှတ်အတည်ပြုသည့် ဆုံးဖြတ်ချက် ၁၉၀၀ (၂၀၁၂) (Resolution 1900 (2012)) ကို ၃၃ကြိမ်မြောက်အစည်းအဝေးမှ ပြဌာန်းခဲ့ပါသည်၊ ပူးတွဲပါဖိုင်တွင်ကြည့်ပါ၊ ယင်း ဆုံးဖြတ်ချက်အရ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအားလုံး နှင့် အဖွဲ့ဝင်ဖြစ်ခွင့်လျှောက်ထားသော နိုင်ငံများအားလုံး သဘောတူလက်ခံသည့် နိုင်ငံရေးအကျဉ်းသား ဆိုသည်မှာ အောက်ပါအတိုင်းဖြစ်ပါသည်၊

ကိုယ်ရေးကိုယ်တာ လွတ်လပ်ခွင့်များအားလုံးကို အောက်ပါအကြောင်းပြချက်များဖြင့် ညင်းပယ်ခြင်း ခံရသော ပုဂ္ဂိုလ်ကို နိုင်ငံရေးအကျဉ်းသားဟု သတ်မှတ်သည်၊

(က) အကယ်၍ အာဏာပိုင်တို့က လူ့အခွင့်အရေးနှင့် လူ့အခွင့်အရေးဆိုင်ရာသဘောတူညီမှုများ ဥရောပညီလာခံ (European Convention on Human Rights and its Protocols (ECHR)) တွင် ပြဌာန်းထားသော အခြေခံအခွင့်အရေးဆိုင်ရာ အာမခံချက်များ၊ အထူးသဖြင့် လွတ်လပ်စွာတွေးတောခွင့်၊ လွတ်လပ်စွာ ယုံကြည်ခွင့် နှင့် ကိုးကွယ်ခွင့်၊ လွတ်လပ်စွာ ဖော်ပြခွင့် နှင့် လွတ်လပ်စွာသတင်းထုတ်ပြန်ခွင့်၊ လွတ်လပ်စွာစုဝေးခွင့်နှင့် ဖွဲ့စည်းခွင့်များကို ချိုးဖောက်၍ ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်အား ဖမ်းဆီး၊ ထိန်းသိမ်း၊ အကျဉ်းချထားလျှင်၊

(ခ) အကယ်၍ လူတစ်ယောက်သည် မည်သည့်ပြစ်မှုကိုမှ ကျူးလွန်ခြင်းမရှိပဲ နိုင်ငံရေးအကြောင်းပြချက်သက်သက်ဖြင့် ဖမ်းဆီး၊ ထိန်းသိမ်း၊ အကျဉ်းချခံရလျှင်၊

(ဂ) အကယ်၍ [(အာဏာပိုင်တို့၏) နိုင်ငံရေးရန်ညှိုးကြောင့်] လူတစ်ယောက်အား အပြစ်ရှိသည်ဟူသော ဆုံးဖြတ်ချက်ဖြင့်ချမှတ်ထားသော ပြစ်ဒဏ်သည် စွတ်စွဲထားသော၊ သံသယရှိသော ပြစ်မှုကြောင့်ချမှတ်သင့်သည့် ပြစ်ဒဏ်ထက် ပိုမိုများပြားနေလျှင်၊

(ဃ) အကယ်၍ [(အာဏာပိုင်တို့၏) နိုင်ငံရေးရန်ညှိုးကြောင့်] လူတစ်ယောက်အား အပြစ်ရှိသည်ဟူသော ဆုံးဖြတ်ချက်ဖြင့်ချမှတ်ထားသော ပြစ်ဒဏ်သည် အလားတူပြစ်မှုကို ကျူးလွန်သော အခြားသူများရရှိသည့် ပြစ်ဒဏ်ထက် ပိုမိုများပြားနေလျှင်၊

(င) အကယ်၍ အာဏာပိုင်တို့၏ နိုင်ငံရေးရန်ညှိုးကြောင့် လူတစ်ယောက်သည် မတရား၊ မမျှတသော တရားစီရင်မှုဖြင့် ပြစ်ဒဏ်ချမှတ်ခြင်းခံရလျှင်၊

## (၃) အမေရိကန် ဟာရီတိတ်ချ် အဘိဓာန်  (American Heritage Dictionary)

(အစိုးရနှင့်) ဆန့်ကျင်ဘက် နိုင်ငံရေးအမြင်တခုကို ယုံကြည်၍၊ လှုံ့ဆော်၍ ဖမ်းဆီးအကျဉ်းချခြင်းခံရသူကို နိုင်ငံရေးအကျဉ်းသား ဟုခေါ်သည်၊

A person who has been imprisoned for holding or advocating dissenting political views

## (၄) ကော်လင်းအင်္ဂလိပ် အဘိဓာန် (Collins English Dictionary)

နိုင်ငံရေးယုံကြည်မှုတစ်ရပ်ကို လက်ခံ၍၊ ဖော်ထုတ်၍၊ ယုံကြည်မှုအတိုင်း ဆောင်ရွက်၍ ဖမ်းဆီးအကျဉ်းချခြင်းခံရသူ ကို နိုင်ငံရေးအကျဉ်းသားဟုခေါ်သည်၊

Someone imprisoned for holding, expressing, or acting in accord with particular political beliefs